ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရပိုင်းက ကိုင်းရှိုင်း လေးစားချိန်မှာ တခမ်းတနား ခရီးသွား၍ အများဖူးမျှော် အပူဇော်ခံရသော်လည်း တကွက်ကျော် ၂-ကွက်ကျော် မြှော်၍ မြှော်၍ ကြည့်သောအခါ သာသနာတော်နှင့် စပ်လျက် မြိန်ရှက်ဘွယ်ရာကို မမြင်ရသဖြင့် လက်ရှိအပူဇော်ခံရသည်ကိုလည်း ဟန်လှပြီဟု မမှတ်ထင်နိုင်သေးပါ။

**တင်ပြစရာအဖြာဖြာ။** ။ဤနေရာဝယ် ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ပြည်တွင်းမငြိမ်မသက် ဖြစ်နေမှုများကို အရေးကြီးသော်လည်း "မိုးပြိုအများနှင့်" ဖြစ်ရမည့် ကိစ္စဖြစ်၍ မစိစစ်လိုပါ၊ သာသနာတော်သက်သက်နှင့်ဆိုင်သော လက်ရှိအခြေမှန်ကိုသာ ဝေဘန်တင်ပြလိုပါသည်။

၁။ များစွာသော ကျေးရွာ နယ်ပယ်တို့၌ သီတင်းသုံးတော်မူကြသော ဘုန်းတော်ကြီးများ၏ ဩဇာ အာဏာသည် မြန်မာဘုရင်များ၏ လက်ထက်ကို မဆိုထားဘိ အင်္ဂလိပ်အုပ်စိုးခိုက်ဖြစ်သော အနှစ် ၄၀ ကျော်လောက် အချိန်က ရရှိနေသလောက်မျှ အရှိန်အဝါ မရှိ, သိသိသာသာကြီး ဆုတ်ယုတ်နေလေပြီ၊ ဤအချက်၌ "ရှေးလက်ထက်က ဩဇာရှိ၍ ယခုဘာ့ကြောင့် မရှိရသလဲ"ဟု နက်နက်နဲနဲ စဉ်းစားရပေမည်။

(က) ရှေးက ကျောင်းထိုင် ဘုန်းတော်ကြီးများသည် အနေအထိုင်အားဖြင့် ရပ်သူရွာသား လူအများတို့ လေးစားကျေနပ်လောက်အောင် ဣန္ဒြေသိက္ခာကို ဆောင်တော်မူနိုင်ကြပေသည်၊ ယခုသော်ကား အများ